# ပြည်သူ့လွှတ်တော်

## အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ

## သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော်၊ ဇူလိုင်လ ၁၆ ရက်

ပြည်သူ့လွှတ်တော်၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များစိစစ်ရေး ကော်မတီ၏ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင်၊ အဆောင်အမှတ် (I-3) အစည်းအဝေးခန်းမ၌ ကျင်းပ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ကော်မတီဥက္ကဋ္ဌဦးသန်းထွန်းဦးက အဖွင့်အမှာစကားပြောကြားရာတွင် တတိယ အကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးနှင့် ဒုတိယပုံမှန်အစည်းအဝေး ကာလအတွင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက လွှတ်တော်တွင် တင်သွင်းမေးမြန်းခဲ့သည့် မေးခွန်းများနှင့် ပတ်သက်၍ ဝန်ကြီးဌာနများအနေဖြင့် ဆောင်ရွက်ပြီးစီးသောလုပ်ငန်းများအား ကော်မတီသို့ တင်ပြပေးပို့ရန် လိုအပ်ပါကြောင်း၊ မိမိတို့ကော်မတီအနေဖြင့် သက်ဆိုင်ရာလုပ်ငန်းများနှင့်စပ်လျဉ်းပြီး လွှတ်တော်တွင် ဖြေကြားထားသည့် ကတိ၊ ကဝတ်ဖြစ်ထားသောလုပ်ငန်းများ၏ ပြီးစီးမှုအခြေအနေ၊ ဆောင်ရွက်နေဆဲ အခြေအနေနှင့် ကျန်ရှိနေသည့်လုပ်ငန်းများကို မှတ်တမ်းတင်ထားရှိ သွားမည်ဖြစ်ပြီး လွှတ်တော်သို့ ပြန်လည်အစီအရင်ခံစာတင်သွင်းသွားရေး ဆောင်ရွက်ရမည်ဖြစ်သည့် အတွက် ယခု အစည်းအဝေးကို ခေါ်ယူကျင်းပရခြင်းဖြစ်ပါကြောင်း၊ သို့ဖြစ်ရာ တက်ရောက် လာကြသည့် ဝန်ကြီးဌာနများမှ တာဝန်ခံ များက ရင်းရင်းနှီးနှီးပွင့်ပွင့်လင်းလင်းဖြင့် ရှင်းလင်းတင်ပြ ဆွေးနွေးပေးစေ လိုကြောင်း ပြောကြားသည်။

ထို့နောက် လွှတ်တော်အစည်းအဝေးများအတွင်း တင်သွင်းမေးမြန်းခဲ့သည့် မေးခွန်းများနှင့် ပတ်သက်၍ ဆောင်ရွက်ပြီးစီးမှုများ၊ ဆောင်ရွက်ဆဲလုပ်ငန်းအခြေအနေများ၊ ဆောင်ရွက်ရန် ကျန်ရှိ နေသော လုပ်ငန်းများနှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာဝန်ကြီးဌာနများမှ ရှင်းလင်းတင်ပြကြရာ အစိုးရ၏

အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီဥက္ကဋ္ဌနှင့် ကော်မတီအဖွဲ့ဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားနိုင်ရေးဆိုင်ရာကိစ္စရပ်များ၊ လုပ်ငန်း လိုအပ်ချက်များနှင့် စပ်လျဉ်း၍ ပြန်လည်သုံးသပ်အကြံပြု ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့်အတူ အတွင်းရေးမှူး ဦးသန်းထွန်းနှင့် ကော်မတီအဖွဲ့ဝင်များ၊ သက်ဆိုင်ရာဝန်ကြီးဌာန (၁၆) ခုတို့မှ တာဝန်ရှိသူများနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ (သတင်းစဉ်)